JUSTICE FOR MYANMAR



အစီရင်ခံစာအနှစ်ချုပ်နှင့် အကြံပြုတိုက်တွန်းချက်များ

# ထောက်လှမ်းရေး ပိုးလမ်းမ

## စစ်အုပ်စု၏ ဒီဂျစ်တယ်အကြမ်းဖက်စစ်ဆင်ရေးတွင် တရုတ်ကုမ္ပဏီ Geedge Networks နှင့် မြန်မာ့ဆက်သွယ်ရေးနည်းပညာလုပ်ငန်းများ၏ အခန်းကဏ္ဍ

# အစီရင်ခံစာ အနှစ်ချုပ်

လျှို့ဝှက်ပေါက်ကြားလာသည့် အချက်အလက်စု အသစ်တစ်ခုတွင်  Geedge Networks ကုမ္ပဏီ၏ မြန်မာနိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများကို ထုတ်ဖော်ခဲ့ပြီး၊ တရားမဝင်မြန်မာစစ်အုပ်စုကိုယ်စား ခေတ်မီဆန်းပြားသော စောင့်ကြည့်ထောက်လှမ်းရေးနှင့် ဆင်ဆာဖြတ်တောက်ရေးနည်းပညာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ဆက်သွယ်ရေး  ကုမ္ပဏီအများအပြားကိုလည်း ဖော်ထုတ်တင်ပြထားသည်။ ယင်းအချက်အလက်စုတွင် မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချထားသည့် တရုတ်အင်တာနက်စောင့်ကြည့်ထောက်လှမ်းရေးနှင့် ဆင်ဆာဖြတ်တောက်ရေးနည်းပညာ၏ နက်နဲခက်ခဲသော အလုပ်လုပ်ပုံစနစ်များ အကြောင်းကို နားလည်သိမြင်စေမည့် အသေးစိတ်အချက်အလက်များ ပါဝင်သည်။ မြန်မာနိုင်ငံသို့ ယင်းနည်းပညာတင်ပို့ရောင်းချသည့် ကုမ္ပဏီ၏ လုပ်ငန်းများသည် တရုတ်နိုင်ငံ၏ ပိုးလမ်းမသစ်စီမံကိန်းနှင့် ဆက်စပ်သည်ဟု ဆိုထားသည်။

ယင်းအချက်အလက်စုကို မီဒီယာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း/အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ညွန့်ပေါင်းလုပ်အားတစ်ရပ်ဖြင့် ဆန်းစစ်သုံးသပ်ထားသည်။ ယင်းညွန့်ပေါင်းလုပ်အားအဖွဲ့ကို အင်တာနက် ပိတ်ပင်ရေး မဟာရံနည်းပညာ တင်ပို့ရောင်းချမှုအား လေ့လာရေးစီမံကိန်းအတွက် Amnesty International၊ InterSecLab၊ the Globe and Mail၊ Paper Trail Media၊ Tor Project၊ DER STANDARD နှင့် Follow The Money အဖွဲ့တို့ ပါဝင်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ၏ အင်တာနက်အခြေအနေသည် စစ်အုပ်စု၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ကမ္ဘာတဝန်းကန့်သတ်မှုအများဆုံးထဲတွင် ပါဝင်ခဲ့သည်။ တရုတ်နိုင်ငံ၏ အင်တာနက်ပိတ်ပင်ရေးမဟာရုံနည်းပညာအား ဈေးကွက်တင် ရောင်းချမှုပုံစံဖြင့် ပျံ့နှံ့ရောက်ရှိလာခြင်းသည် စစ်အုပ်စုအတွက် မြန်မာနိုင်ငံတွင်း  အင်တာနက်သုံးစွဲသူ ၃၃.၄ သန်း၏ အွန်လိုင်း အသုံးပြုမှုများအပေါ် ထူးထူးကဲကဲ ထိန်းချုပ်နိုင်စေခဲ့သည်။

ဥပမာအားဖြင့် မြန်မာစစ်အုပ်စုထံ Geedge Networks က ရောင်းချပေးအပ်သည့် ဟာ့ဝဲလ်၊ ဆော့ဝဲလ်နှင့်ပံ့ပိုးဝန်ဆောင်မှုများသည် အင်တာနက်ကွန်ရက်သုံးစွဲမှုများကို လူတစ်ဦးချင်းအဆင့် ခြေရာခံနိုင်စေပြီး၊ သက်ဆိုင်ရာတာဝါတိုင်များ (Cell IDs) အလိုက် ချိတ်ဆက်အသုံးပြုမှုများကို အခြေခံ၍ မိုဘိုင်းဖုန်း သုံးစွဲသူများ၏ တည်နေရာများကို အချိန်နှင့်တပြေးညီ ဖော်ထုတ်နိုင်စေမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်မှုကြောင့် စစ်အုပ်စုသည် နိုင်ငံတဝန်းရှိ လူ့အခွင့်အရေးကာကွယ်ရပ်တည်သူများ၊ သတင်းသမားများနှင့် တော်လှန်ရေးအဖွဲ့များအား ခြေရာခံခြင်း၊ ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် သက်ဖြတ်ခြင်းတို့ကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်သည့် စွမ်းဆောင်ရည်များကို ရရှိခဲ့သည်။ စစ်အုပ်စုသည် အစီရင်ခံစာတွင် ဖော်ပြထားသည့် ဆက်သွယ်ရေးကုမ္ပဏီများ၏ တိုက်ရိုက် ကူညီမှုဖြင့် ထိုသို့လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ယင်းကုမ္ပဏီများတွင် ATOM (ယခင် တယ်လီနောမြန်မာ)၊ မိုင်တဲလ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)၊ အော်ရီဒူး မြန်မာ၊ Frontiir၊ StreamNet၊ Golden TMH Telecom၊ Internet Maekhong Network (IM-Net)၊ Myanmar Broadband Telecom (MBT)၊ Myanmar Telecommunication Network (MTN)၊ Campana၊ Global Technology Group နှင့် China Unicom တို့ ပါဝင်ပြီး၊ ယင်းကုမ္ပဏီများသည် မြန်မာစစ်အုပ်စုအတွက် နိုင်ငံအဆင့် အင်တာနက် ပိတ်ဆို့ရေးနည်းပညာတပ်ဆင်ရာတွင် အရေးပါသည့်ကုမ္ပဏီများ ဖြစ်ကြသည်။

Geedge Networks နှင့် မြန်မာစစ်အုပ်စုတို့အကြား စီးပွားရေးလုပ်ငန်းများအပေါ် လေ့လာထားသည့် ယခု သုတေသနသည် စစ်အုပ်စုထိန်းချုပ်ထားသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (MOTC)၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (ITCSD) မှတဆင့် Geedge Networks သည် နိုင်ငံတဝန်းလုံးအဆင့် အင်တာနက်စောင့်ကြည့်ထောက်လှမ်းရေးနှင့် ဆင်ဆာဖြတ်တောက်ရေး နည်းပညာကို စတင်တပ်ဆင်နေကြောင်း Justice For Myanmar ၏ ၂၀၂၄ ခုနှစ်၊ ဇွန်လထုတ် အစီရင်ခံစာ ပေါ်တွင် ထပ်တိုးလေ့လာထားခြင်း ဖြစ်သည်။

တရားမဝင်မြန်မာစစ်အုပ်စုထံ ဟာ့ဒ်ဝဲလ်နှင့် ဆော့ဖ်ဝဲလ်များ ရောင်းချပေးအပ်ခြင်းဖြင့် Geedge Networks ကုမ္ပဏီသည် အရပ်သားပြည်သူများအပေါ် အင်တိုက်အားတိုက် သို့မဟုတ် စနစ်တကျ ဦးတည်တိုက်ခိုက်မှုများအတွင်း စစ်အုပ်စုအဖွဲ့ဝင်များ ကျူးလွန် သည့် ညှဉ်းပမ်းနှိပ်စက်မှုနှင့် သတ်ဖြတ်မှုများ အပါအဝင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများတွင် အားပေးကူညီရာ ရောက်နိုင်ပေသည်။ ယင်းအပေါ် နောက်ထပ်စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် လိုအပ်သည်။ ထိုသို့မလုပ်ဆောင်နိုင်မီ အတောအတွင်း Geedge Networks သည် မြန်မာပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ဒစ်ဂျစ်တယ်လုပ်ရှားခွင့်တို့ကို ကန့်သတ်လျက်ရှိသည်။ ထိုသို့သော အကြောင်းပြချက်ကြောင့် Geedge Networks အပေါ် နိုင်ငံတကာဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်သင့်ပြီး၊ ယင်းကုမ္ပဏီ၏ ကြီးကြပ်လမ်းညွှန်မှုနှင့် ခေါင်းဆောင်မှုတွင် ပါဝင်သူလူပုဂ္ဂိုလ်များအား နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအား ချိုးဖောက်မှုများ၊ နိုင်ငံတကာ

ရာဇဝတ်မှုများကို ကျူးလွန်နိုင်ခြေများတွင် အားပေးကူညီမှုများအတွက် စုံစမ်းစစ်ဆေးသင့်သည်။

စစ်အုပ်စု၏ အွန်လိုင်းစောင့်ကြည့်ထောက်လှမ်းရေးယန္တရားကို ပံ့ပိုးကူညီသူများအဖြစ် Geedge ၏ အချက်အလက်စုများတွင် ဖော်ထုတ်တွေ့ရှိထားသည့် ဆက်သွယ်ရေး နည်းပညာကုမ္ပဏီများကို အလွန်ဆိုးရွားသည့် အွန်လိုင်းနှင့် မြေပြင်အကြမ်းဖက်မှုအန္တရာယ်များ ပေးအပ်ခြင်း၊ ထို့အပြင် မြန်မာပြည်သူများအား ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းကဲ့သို့သော လက်တွေ့ထိခိုက်မှုများအတွက် တရားစွဲဆို အပြစ်ပေးသင့်သည်။

Geedge Networks သည် တရုတ်အစိုးရနှင့် နီးကပ်သည့်ဆက်နွယ်မှုများရှိပြီး၊ မြန်မာနိုင်ငံသို့ ၎င်းတို့ နည်းစနစ်များ တင်ပို့ရောင်းချမှုသည် တရုတ်ပိုးလမ်းမသစ်စီမံကိန်းနှင့်အညီဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင်း အရပ်သားပြည်သူလူထုအပေါ် အကြီးအကျယ်စောင့်ကြည့်ထောက်လှမ်းမှုနှင့် ဖိနှိပ်မှုများတွင် တရုတ်နိုင်ငံ၏ ပါဝင်ပတ်သက်မှုသည် တရုတ်အစိုးရ၏ ကျန်ရှိနေသေးသည့် ကျယ်ပြန့်သောလက်နက်ပံ့ပိုးပုံစံ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး စစ်အုပ်စု၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်ရာတွင် အားပေးကူညီလျက်ရှိသည်။

# အကြံပြုတိုက်တွန်းချက်များ

**Justice For Myanmar သည် အောက်ဖော်ပြပါ လုပ်ဆောင်မှုများကို တောင်းဆိုသည်။**

### တရုတ်အစိုးရအနေဖြင့်

၁။ Geedge Networks က ရောင်းချပေးအပ်သည့် ဆော့ဝဲလ်၊ ဟာ့ဝဲလ်နှင့် နည်းပညာ အကူအညီများ အပါအဝင် မြန်မာစစ်အုပ်စုထံ စစ်လက်နက်၊ စက်ပစ္စည်းကိရိယာ၊ နည်းပညာနှင့် ဆက်စပ်လေ့ကျင့် သင်တန်းနှင့် အကူအညီများ လွှဲပြောင်းပေးအပ်မှုကို ချက်ချင်း ရပ်တန့်ရန်။

၂။ စစ်အုပ်စုကျင်းပရန် စီစဉ်နေသည့် အတုအယောင်ရွေးကောက်ပွဲအတွက် အကူအညီများ အပါအဝင် စစ်အုပ်စုနှင့် လက်အောက်ခံအဖွဲ့အစည်းအားလုံးအတွက် နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများအား ချက်ချင်းရပ်တန့်ရန်။

၃။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို မြန်မာနိုင်ငံ၏ အမြင့်ဆုံး အတိုင်ပင်ခံအဖွဲ့အစည်းအဖြစ်လည်းကောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို တရားဝင်အစိုးရအဖြစ်လည်းကောင်း၊ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် ဖက်ဒရယ်ယူနစ်များကို ပေါ်ထွန်းလာမည့် ဖက်ဒရယ်ပြည်ထောင်စုတွင် အရေးပါသည့် သက်ဆိုင်သူများအဖြစ် အသိအမှတ်ပြု၊ ပံ့ပိုးကူညီရန်။

## ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့်

၁။ မြန်မာစစ်အုပ်စုနှင့် ၎င်းတို့၏ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ဆင်ဆာဖြတ်တောက်မှုများအတွက် အားပေးကူညီသူများအပေါ် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုများ ညှိနှိုင်းချမှတ်ရန်။ ယင်းသို့ချမှတ်ရာတွင် အောက်ဖော်ပြပါအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်ကွန်ရက်တစ်စုံလုံး ပါဝင်ရမည်။

- နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် (SSPC)၊ ယင်းအဖွဲ့သည် စစ်အုပ်စု၏ အုပ်ချုပ်ရေးအဖွဲ့ အမည်သစ်ဖြစ်ပြီး၊ Geedge Networks ၏ စနစ်များအားအကောင်အထည်ဖော်ရာတွင် တာဝန်ရှိသည့် အဖွဲ့အစည်းများကို စစ်အုပ်စု၏ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသား ဆိုက်ဘာလုံခြုံရေးစင်တာ (NCSS) တို့မှတဆင့် ထိန်းချုပ်ထားသည့် အဖွဲ့အစည်း ဖြစ်သည်။ SSPC သည် တယ်လီကွန်း အော်ပရေတာများဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ကိုလည်း တရားမဝင် ထိန်းချုပ်ထားသည်။
- Geedge Networks ကုမ္ပဏီနှင့် Fang Binxing နှင့် Wang Yuandi တို့အပါအဝင် ကုမ္ပဏီ ခေါင်းဆောင်မှုတွင် ပါဝင်သူများ
- စောင့်ကြည့်ထောက်လှမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်သည့် စစ်အုပ်စုပိုင်နှင့် ဆက်နွှယ် ကုမ္ပဏီများ၊ ယင်းတို့တွင် ဦးစားပေးအနေဖြင့် စစ်အုပ်စုစီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သည့် မိုင်တဲလ်၏ အော်ပရေတာ Telecom International Myanmar နှင့် Justice For Myanmar က ယခင်က ဖော်ထုတ်ထားသည့် Mascots Group network။

၂။ စစ်အုပ်စု၏ စောင့်ကြည့်ထောက်လှမ်းမှုနှင့် ဆင်ဆာဖြတ်တောက်မှုများကို ရှောင်ရှားနိုင်ရန်အတွက်ဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် အခမဲ့နည်းပညာများဖြန့်ဖြူးခြင်းတို့အပါအဝင် စောင့်ကြည့် ထောက်လှမ်းမှုများနှင့် ဆင်ဆာဖြတ်တောက်မှုများကို ရှောင်ရှားကျော်လွှား၍ မြန်မာပြည်သူများ  ဘေးကင်းလုံခြုံစွာ အင်တာနက်သုံးစွဲနိုင်ရေး ပံ့ပိုးကူညီမှုများ တိုးမြှင့်ပေးအပ်ရန်။

၃။ မြန်မာစစ်အုပ်စုအပေါ် ကမ္ဘာလုံးဆိုင်ရာစစ်လက်နက်ရောင်းချမှုပိတ်ပင်ရေး ပြဋ္ဌာန်းနိုင်ရန်၊ စစ်အုပ်စု၏ စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်နိုင်ရန်နှင့်  မြန်မာ့အခြေအနေအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲအပ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တွန်းအားပေးရန်။

၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို မြန်မာနိုင်ငံ၏ အမြင့်ဆုံးအတိုင်ပင်ခံ အဖွဲ့အစည်းအဖြစ်လည်းကောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို တရားဝင်အစိုးရအဖြစ်လည်းကောင်း၊ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် ဖက်ဒရယ်ယူနစ်များကို ပေါ်ထွန်းလာမည့် ဖက်ဒရယ်ပြည်ထောင်စုတွင် အရေးပါသည့် သက်ဆိုင်သူများအဖြစ် အသိအမှတ်ပြု၊ ပံ့ပိုးကူညီရန်။

၅။ မြန်မာနိုင်ငံအတွင်း Geedge ကုမ္ပဏီ၏ လုပ်ရပ်များတွင် ပတ်သက်ဆက်နွှယ်သည့် ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအား တရားစွဲဆိုနိုင်ရန် မိမိတို့တွင် တရားစွဲဆိုခွင့်ရှိမရှိကို ဆန်းစစ်ရန်နှင့် စိုးရိမ်ဖွယ် အကောင်းဆုံးပြစ်မှုများကို စုံစမ်းစစ်ဆေးမှုများ တင်ကြို ဦးစားပေးလုပ်ဆောင်ရန်။

၆။ စစ်အုပ်စုနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုများ လုပ်ဆောင်ထားသည့် ဩစတြေးလျ၊ ဥရောပသမဂ္ဂ၊ ကနေဒါ၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့ အနေဖြင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို တင်းတင်းကျပ်ကျပ် အသက်ဝင်လိုက်နာစေရေးနှင့် သံသယဖြစ်ဖွယ် ချိုးဖောက်မှုများကို အပြည့်အဝ စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။

## နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့်

၁။ မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် Geedge Networks ၏ စနစ်များ အကောင်အထည်ဖော်ဆောင်နေမှုအပါအဝင် လူ့အခွင့်အရေးဆိုင်ရာဆိုးကျိုးများအားဖော်ထုတ်နိုင်ရန်၊ လျှော့ချနိုင်ရန်နှင့် ထိခိုက်နစ်နာမှုများအတွက် ပြန်လည်ကုစားနိုင်ရန်တို့အတွက် ပိုမိုကောင်းမွန်သည့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစိစစ်မှုများကို ဆက်လက်လုပ်ဆောင်သင့်သည်။

၂။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့် ဆက်သွယ်ရေးကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးမိတ်ဖက်များအနေဖြင့် မိမိတို့၏ ဩဇာလွှမ်းမိုးနိုင်မှုကို အသုံးပြု၍ အဆိုပါကုမ္ပဏီများကို စစ်အုပ်စုကိုယ်စား စောင့်ကြည့်ထောက်လှမ်းရေးနည်းပညာများ အကောင်အထည်ဖော်ပေးနေမှုအား ရပ်တန့်စေရန် ဖိအားပေးသင့်သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းမရှိပါက တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံမှုများ ရုပ်သိမ်းသင့်သည်။